ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သောကုမ္ပဏီများ မှတ်ပုံတင်စာရင်း ပြန်လည်ထိန်းသိမ်းနိုင်ရန်ကြေညာချက် [1]

Posted on 08 March 2019

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ ပုဒ်မ ၄၂၁ (ဃ) အရ အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ကုမ္ပဏီများ ပြန်လည်မှတ်ပုံတင်ခြင်းအား ၂၀၁၈ ခုနှစ် သြဂုတ်လ ၁ ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ၆ လ ကာလအတွင်း ဆောင်ရွက်ကြပါရန် ကြေညာချက်များ ထုတ်ပြန်ကြေညာပေး၍ ပြန်လည်မှတ်ပုံတင်ခြင်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သော ကုမ္ပဏီများအား မှတ်ပုံတင်စာရင်းမှ မကြာမီ ပယ်ဖျက်မည်ဖြစ်ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများ အပိုဒ် ၄(ဃ) နှင့်အညီ သတ်မှတ်အခကြေးငွေ ပေးဆောင်၍ ပြန်လည်မှတ်ပုံတင်ခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်ရုံးချုပ်) တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ပြန်လည်မှတ်ပုံတင်ရန် ကျန်ရှိသော ကုမ္ပဏီများအနေဖြင့် ၂၀၁၉ ခုနှစ် မတ်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်မှတ်ပုံတင်ခြင်းအား ကိုယ်တိုင်လာရောက်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ယင်းသို့ လာရောက်ဆောင်ရွက်ရာတွင် အမိန့်ကြော်ငြာစာ (၆၄/၂၀၁၈) ပါအတိုင်း မှတ်ပုံတင်စာရင်းတွင် ပြန်လည်ထိန်းသိမ်းခြင်းအတွက် သတ်မှတ်အခကြေးငွေ ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ် မတ်လ ၃၀ ရက်နေ့ နောက်ပိုင်း တင်ပြလာသော ပြန်လည်မှတ်ပုံတင်ခြင်းကိစ္စများအား လုံးဝ (လုံးဝ) လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ကုမ္ပဏီများမှတ်ပုံတင်အရာရှိ

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative